## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထုအခန်းကဏ္ဍ အပိုင်း(၂)

## လူထု၏ အခွင့်အရေးကို ကာကွယ်ဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ တိုင်းပြည်တိုင်းရဲ့ ပင်မဥပဒေ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုပြီးတဲ့နောက်မှာ တိုင်းပြည်မှာရှိတဲ့ ကျန်တဲ့ဥပဒေတွေအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်မယ်ဆိုရင် ဖျက်သိမ်းရတယ်။ နောက်ထပ်ပြဋ္ဌာန်းတဲ့ ဥပဒေမှန်သမျှဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီဖို့ လိုပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို (Supreme Law of the Land) တိုင်းပြည်ရဲ့ အချုပ်အခြာဥပဒေကြီး အဖြစ်အသိအမှတ်ပြုကျင့်သုံးကြရတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီလိုမျိုး ပင်မဥပဒေ ဒါမှမဟုတ် အချုပ်အခြာဥပဒေကြီးဖြစ်တယ် ဆိုပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာတိုင်း တိုင်းပြည်အတွက်၊ အထူးသဖြင့် လူထုအတွက် ကောင်းမယ် လို့ယူဆရင် မှားပါလိမ့်မယ်။ ဒီလိုပြောရင် ပိုပြီး နားလည်လက်ခံလွယ်ပါလိမ့်မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းတရပ်ပေါ်လာရင် လူထုအတွက် အကျိုးရှိနိုင်မယ်။ ဆိုးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ပေါ်လာလို့ရှိရင်တော့ လူထုအတွက် အကျိုးယုတ်မှာ အသေအချာပါပဲ။

ဒါဖြင့်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ကို တချို့က ကောင်းတယ်လို့ပြောချင်ပြောမယ်။ တချို့ကဆိုးတယ်လို့ပြောချင်ပြောမယ်။ လူတဦး  ဒါမှမဟုတ် လူတစု ဒါမှမဟုတ် ပါတီအဖွဲ့အစည်း တရပ်ရဲ့ မတူတဲ့သဘော ထားအမြင်နဲ့ မဆိုင်ဘူးလား။ ဘယ်လို ဆုံးဖြတ်လက်ခံလို့ ရနိုင်ပါ့ မလဲလို့ မေးစရာ ရှိပါတယ်။

မှန်ပါတယ်။ မတူတဲ့ သဘောထားအမြင်တွေ၊ မတူတဲ့ ကြိုက်နှစ်သက်မှုတွေ ရှိနိုင်ပါတယ်။ ဒါဟာ သဘာဝလဲကျ၊ ထူးဆန်းတဲ့ အရာလည်း မဟုတ်ပါဘူး။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရဲ့ထူးခြားတဲ့ တည်ရှိမှုကို တကမ္ဘာလုံးကတူညီစွာလက်ခံထားတဲ့ အရေးကြီးတဲ့ စံထားချက် တရပ်ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ **လူထုရဲ့ အခြေခံအခွင့်အရေးတွေကို ပြဋ္ဌာန်းထားတဲ့ စာတမ်းဖြစ်ဖို့ လိုတယ်** ဆိုတဲ့ အချက်ပါ။

တိုင်းပြည်တွေမှာ ရှိတဲ့ ဥပဒေ ဆိုတာတွေဟာ များသောအားဖြင့် လူထုတွေကို ဟိုဟာမလုပ်နဲ့၊ သည်ဟာမလုပ်နဲ့ စသည်ဖြင့် ချုပ်ချယ်ကန့်သတ်ထားတဲ့ အရာတွေဖြစ်လေ့ရှိပါတယ်။ အခြားသူတွေရဲ့ အခြေခံလွတ်လပ်မှုတွေကို မထိပါးအောင်နဲ့ တည်ငြိမ်တဲ့ လူ့အဖွဲ့အစည်းအဖြစ်တည်ဆောက်နိုင်အောင် လူထုတွေကို သည်လိုမျိုးဥပဒေတွေနဲ့ ကန့်သတ်ထိမ်းကျောင်းထားရတာပါဘဲ။

ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ သည်လိုမျိုးဥပဒေ မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လူထုကို ချုပ်ချယ်ကန့်သတ်ဖို့ရေးဆွဲပြဋ္ဌာန်းရတာမျိုးမဟုတ်ပါဘူး။ ဒါနဲ့ ပြောင်းပြန်ပါဘဲ။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ လူထုရဲ့ အခြေခံ အခွင့်အရေးတွေကို အာမခံ ပြဋ္ဌာန်းရပါတယ်။ အဲသည်အခြေခံအခွင့်အရေးတွေကို ထိပါးခံရတယ်၊ ချိုးဖေါက်ခံရတယ်၊ သို့မဟုတ် အကောင်အထည်ပေါ်အောင် ဖော်ဆောင်မပေးဘူးဆိုရင် အားကိုး တိုင်တန်းနိုင်ဖို့ **လွတ်လပ်တဲ့ တိုင်းပြည်ရဲ့ ယန္တရားတွေကို လုပ်ပိုင်ခွင့် အပြည့်အဝနဲ့ တည်ရှိလည် ပတ်စေရပါတယ်။** သည်လို ပြဋ္ဌာန်းချက်တွေပါဝင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးဖြစ်တယ် ဆိုရင် လူထုအတွက် အကျိုးရှိမယ်။ တိုင်းပြည်အတွက် အကျိုးရှိမယ်။ လူထုရော တိုင်းပြည်ပါ ငြိမ်းချမ်းမှု တရားမျှတမှု၊ တိုးတက်ဖွံ့ဖြိုးမှု ရနိုင်မယ်။ အဲသည်အချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းတာတဲ့ အခြေခံအကျဆုံးစံထား ချက်တရပ်ဖြစ်ပါတယ်။ အဲသည် စံထားချက်ကို ပြည့်မှီဖို့အတွက်  ပထမဆုံးစတင် သုံးသပ်ရမှာက ဖွဲ့စည်းပုံအခြေခံဥပဒေ မှာ အစိုးရရဲ့ လက်အောက်ခံမဟုတ်တဲ့ လွတ်လပ်တဲ့ တရားစီရင်ရေး ဖွဲ့စည်းတည်ရှိ ရဲ့လား ဆိုတာဖြစ်ပါတယ်။

လူထုတွေဟာ မိမိတို့ရဲ့ အခွင့်အရေးတွေကို ချိုးဖောက်ခံရတဲ့ အခါတိုင်းမှာ တရားရုံးတွေကို အားကိုး တိုင်တန်းရလေ့ရှိပါတယ်။ အဲသည်အခါမှာ တရားမျှတမှုကို ရရှိနိုင်ဖို့ အစိုးရ အာဏာပိုင်တွေရဲ့ လက်အောက်မှာ မရှိတဲ့ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်တရပ်ကို ဖွဲ့စည်းထူထောင်ကြရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပထမဆုံးပေါ်ခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အားနည်းချက်တွေ အမြောက်အများရှိပါတယ်။ တချိန်ထဲမှာ အားကောင်းချက်တွေလည်း မနည်းလှပါ။ အဲသည်အထဲက တရပ်ကတော့

လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် ဖွဲ့စည်းတည်ရှိစေတာပါဘဲ။ အဲသည်ခေတ်တုန်းက ဝန်ကြီးချုပ်ဦးနုက အတိုက်အခံ နိုင်ငံရေးသမားတွေကို ဖိနှိပ်ဖို့ ဖမ်းဆီးတဲ့ အခါတိုင်း တရားလွှတ်တော်ချုပ်ဟာ မိမိကို အပ်နှင်းထားတဲ့ ရှေ့တော်သွင်း စာချွန်တော် အမိန့်ကို ထုတ်ဆင့်စေပြီး ပြန်လွှတ်ပေးခဲ့တဲ့အတွက် ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင် နှုတ်က ထုတ်ပြီး ညည်း ညူခဲ့ရတယ် လို့လေ့လာခဲ့ဖူးပါတယ်။ အုပ်ချုပ်ရေးအာဏာပိုင်တွေက လူထုအပေါ် ဖမ်းဆီး နှိပ်စက်မှုတွေ ရှိလာရင် အကာအကွယ်ပေးနိုင်ဖို့အတွက် တရားစီရင်ရေးစနစ်ဟာ လွှတ်လပ် အားကောင်းစွာ တည်ရှိဖို့ လိုပါတယ်။

တရားစီရင်ရေးတရပ် လွှတ်လပ်မှု ရှိတယ်၊ မရှိဘူး ဆိုတာကို အမြင့်ဆုံးဖြစ်တဲ့ တရားရုံးချုပ်ရဲ့ တရားသူကြီးချုပ်တွေကို ဘယ်လိုခန့်တယ်၊ ဖြုတ်တယ် ဆိုတဲ့ လုပ်ထုံးလုပ်နည်း ကို လေ့လာပြီး ပိုင်းဖြတ်ရပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တရားသူကြီးချုပ်ကို

(၁) ဝန်ကြီးချုပ်နဲ့ တိုင်ပင်ပြီး

(၂) လွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေးရဲ့ သဘောတူညီချက်နဲ့

(၃) နိုင်ငံတော်သမတ က ခန့်ထားရမယ်။ ----- လို့ ပုဒ်မ (၁၄၀) မှာ ပြဌာန်းထားတယ်။

သည်နေရာမှာ ရှင်းဖို့ လိုပါလိမ့်မယ်။

၁၉၄၇ ခုနှစ်ဖွဲ့ ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးအာဏာကိုအမြင့်ဆုံးကိုင်တွယ်သုံးစွဲသူက သမတ မဟုတ်ပါဘူး။ဝန်ကြီးချုပ်သာ ဖြစ်ပါတယ်။ အဲသည်တုံးက သမတမှာ တိုင်းပြည်အုပ်ချုပ်ဖို့ အာဏာလုံးဝမရှိဘဲ နိုင်ငံ တော်ရဲ့ ဥသျှောင်၊ တိုင်းပြည်ရဲ့ ဂုဏ်ကြက်သရေဆောင်အဖြစ်သာထားရှိခဲ့တာပါ။ ဒါကြောင့် လေ့လာသင့်တဲ့ အချက်က ထိုစဉ်က တရားဝန်ကြီးချုပ်ကို ခန့်သူဟာ အုပ်ချုပ်ရေးအာဏာရှိသူ မဟုတ်ဘူး ဆိုတဲ့ အချက်ပါဘဲ။

ပြီးတော့ လွှတ်တော်နှစ်ရပ် တွဲဘက် အစည်းအဝေးရဲ့ သဘောတူညီချက်နဲ့ သာ ခန့်ရမယ် ဆိုတဲ့ အချက် ကလည်း အလွန်မှကို အရေးကြီးပါတယ်။ လွှတ်တော်နှစ်ရပ်စလုံးမှာ လူထုက ရွေးချယ်တင်မြှောက်ထားသူတွေနဲ့ သာ ဖွဲ့စည်းထားတာဖြစ်တဲ့ အပြင် လွှတ်တော်ဂုဏ်အင်္ဂါ နဲ့ ညီညွတ်စွာ တိုင်းပြည်ရေးရာတွေကို လွှတ်လွှတ်လပ်လပ် ဆွေးနွေးခွင့်ရှိခဲ့လို့ ဖြစ်ပါတယ်။

ထိုစဉ်က တရားသူကြီးချုပ်ခန့်သင့်မသင့်ကို လွှတ်တော်ထဲမှာ သမိုင်းဝင်ဆွေးနွေးမှုတွေ ရှိခဲ့ဖူးပါတယ်။ လွှတ် လပ်ရေးရပြီးခေတ်မှာ မြန်မာနိုင်ငံမှာ ပထမဆုံး တရားသူကြီးချုပ်ဖြစ်လာသူက ဦးဘဦးပါ။ ဦးဘဦးကို ခန့်စဉ်တုံးက လွှတ်တော်ထဲမှာ အကြိတ်အနယ် ဆွေးနွေးခဲ့ကြရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဦးဘဦးဟာ အင်္ဂလိပ်ခေတ်မှာ Sir ဘွဲ့ ့ရတဲ့အထိ အမှုထမ်းကောင်းခဲ့သူဖြစ်တာကြောင့် လွှတ်လပ်ပြီးစနိုင်ငံမှာ တရားစီရင်ရေးကို ဦးဆောင်သင့်ပါ့ မလား ဆိုပြီး စိုးရိမ်ခဲ့ကြလို့ပါဘဲ။ နောက်ဆုံးမှာတော့ နိုင်ငံရေးဘက်ကနေ မကြည့်ကြတော့ဘဲ တိုင်းပြည်အတွက် ဦးဘဦးရဲ့ဥပဒေ ပညာအရည်အသွေးကို အသုံးချဖို့ဘက်ကနေ ဆွေးနွေးသဘောတူကြပြီးခန့်ဖြစ်ခဲ့တာပါ။ ဦးဘဦးဟာ ၁၉၄၈ ခုနှစ် ကနေ ၁၉၅၂ ခုနှစ်အထိ တရားသူကြီးချုပ်ဖြစ်ခဲ့ပြီး ၁၉၅၂ ခုနှစ်ကနေ ၁၉၅၆ ခုနှစ်အထိ နိုင်ငံတော် သမ္မတတာဝန်ကို ပြောင်းလဲထမ်းဆောင်ခဲ့ပါတယ်။ ၁၉၅၆ မှာ ဦးဘဦး သမ္မတ တာဝန်ကနေ အငြိမ်းစားယူ သွားတဲ့အခါ ကျတော့ သူ့နေရာမှာ အစားထိုးဖို့ နောက်ထပ်သမ္မတတဦးကို ရှာဖွေခဲ့ကြရတယ်။

ဦးဘဦး သမတဖြစ်နေတဲ့ အချိန်တုံးက တရားသူကြီးချုပ်နေရာမှာ တာဝန်ထမ်းဆောင်ခဲ့သူက ဒေါက်တာ သိမ်းမောင်ဖြစ်ပါတယ်။ ဒေါက်တာသိမ်းမောင်ဟာလည်း ဦးဘဦးလိုဘဲ အရည်အချင်းနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်၊ သမ္မတ အဖြစ်တာဝန်ထမ်းဆောင်သင့်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်လို့အဆိုပြုသူတွေ ရှိလာကြပါတယ်။ သည်ကိစ္စနဲ့ ပတ်သက်ပြီး လွှတ်တော်ထဲမှာ အခြေအတင်ဆွေးနွေးမှုတွေ ပြင်းထန်ခဲ့တယ်။ ထိုစဉ်တုံးက လွှတ်တော်က ဒေါက်တာသိမ်းမောင်ကို သမ္မတ နေရာမှာ ခန့်အပ်တာဝန်ပေးဖို့ငြင်းဆန်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဦးဘဦးတုံးက တရားသူကြီးချုပ်ဘဝ ကနေ သမ္မတဖြစ်သွားခဲ့ပြီ။ နောက်တကြိမ် ထပ်ပြီး ဒေါက်တာသိမ်းမောင် ဟာလည်း တရားသူကြီးချုပ်ဘဝကနေ သမ္မတ ဖြစ်သွားဦးမယ်ဆိုရင် ဒါကိုနောင်မှာ အစဉ်အလာသဖွယ် ကျင့်သုံးသွားနိုင်တယ်။ သည်လိုဆိုရင် တရားသူ ကြီးချုပ်တွေဟာ မိမိတို့ရဲ့တရားစီရင်ရေး လုပ်ငန်းကို လွှတ်လွှတ်လပ်လပ်လုပ်ဖို့ အလေးထားမစဉ်းစား တော့ဘဲ နိုင်ငံရေးသမားတွေနဲ့ပေါင်းပြီးသမ္မတ တက်ဖြစ်ရေးကို စိတ်ဝင်တစားလုပ်လာကြဖွယ်ရှိတယ်။ လွှတ်လပ်တဲ့ တရားစီ ရင်ရေးကို ထိခိုက်သွားနိုင်တယ်ဆိုပြီး ဒေါက်တာသိမ်းမောင်ကို သမ္မတအဖြစ် မတင်မြှောက်ခဲ့တာဘဲ လို့ လေ့လာခွင့်ရ ပါတယ်။ ဟိုခေတ်က လွှတ်လပ်တဲ့ တရားစီရင်ရေးနောက်ခံကနေ တရားသူကြီးချုပ်တွေကို သည်လို တန်ဘိုးထားခဲ့ တာ ဖြစ်ပါတယ်။

သည် အခြေခံကနေ တရားသူကြီးချုပ်ခန့်ထားရေးနဲ့ ပတ်သက်ပြီး နအဖ ချမှတ်ထားတဲ့ အခြေခံမူကို လေ့လာကြည့်ရအောင်ပါ။ တိုင်းပြည် အုပ်ချုပ်ရေး အာဏာကို အပြည့်အဝကိုင်တွယ်ကျင့်သုံးတဲ့ နိုင်ငံတော်သမ္မတက တရားသူကြီးချုပ်ကို ခန့်အပ်သွားမယ် ဆိုဘဲ။ တရားသူကြီးချုပ်အဖြစ် ခန့်ဖို့သမ္မတက အမည်စာရင်း တင်သွင်းသူကို လွှတ်တော်က ငြင်းပယ်နိုင်တဲ့ အချက်တချက်ဘဲ ရှိသတဲ့။

အဲဒါကတော့ တရားသူကြီးချုပ်ရဲ့ အရည်အချင်းများ နဲ့ မပြည့်စုံဘူး လို့ အထင်အရှားပြရမယ် ဆိုတာပါဘဲ။ လူတဦးမှာ အရည်အချင်းမရှိဘူးရယ်လို့ ဘယ်လိုလုပ်ပြီး အထင်အရှား သက်သေပြနိုင်ပါ့မလဲ။ တကယ်တော့ ဒါဟာ သမ္မတက တရားသူကြီးချုပ်တဦးကို သူ့စိတ်ကြိုက် ခန့်ခြင်သလို ခန့်ခွင့်ရှိအောင် လုပ်ကြံထားတဲ့ ပြဋ္ဌာန်းချက် သက်သက်ပါဘဲ။ ဒါတင်သာမကပါဘူး။ နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်တယ် လို့စွပ်စွဲပြီး တော့လည်း သမ္မတ တရားသူကြီးချုပ်တွေကို ဖြုတ်ဖို့အဆိုပြုခွင့် ရှိသတဲ့။ နိုင်ငံတော်၏ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်တယ် ဆိုတာဟာ ဘယ်လို ကိစ္စမျိုးကို ဆိုလိုတာဖြစ်တယ် လို့ လည်း အတိအလင်း သတ်မှတ်ထားတာမရှိဘူး။ ဒါကြောင့် သမ္မတက သူ့ စိတ်တိုင်းမကျရုံနဲ့ အချိန်မရွေးထပြီး နိုင်ငံတော်ရဲ့ ကျေးဇူး သစ္စာတော် ဖေါက်ဖျက်သူများ အဖြစ် စွပ်စွဲခံရမယ့် အခြေအနေအောက်မှာ တရားသူကြီးချုပ်တွေဟာ တရားစီရင်ရေးတာဝန် ထမ်းဆောင်ကြရတော့မှာ ဖြစ်တယ်။ သည်လို ပြဋ္ဌာန်းချက်မျိုးကို တကမ္ဘာလုံးမှာ ဘယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ မှ ရှာလို့တွေ့နိုင်မှာ မဟုတ်ပါဘူး။

ဒီ အချက်တွေကို ပေါင်းချုပ်သုံးသပ်လိုက်ရင် တရားစီရင်ရေးဟာ အုပ်ချုပ်ရေးအာဏာပိုင်ရဲ့ လက်အောက်ကို ရောက်သွားပြီး လွှတ်လပ်မှု ကင်းမဲ့သွားပြီဆိုတာ ထင်ရှားနေပါတယ်။

အခုလက်ရှိမှာ လူထုဟာ အုပ်ချုပ်ရေးအာဏာပိုင်တွေနဲ့ ပြသနာဖြစ်တဲ့အခါ အားကိုးတိုင်တန်းရတဲ့ တရားရုံးတွေ မလွှတ်လပ်ကြတဲ့အတွက် ဘာမှ ထိထိရောက်ရောက် အကာအကွယ်မပေးနိုင်ကြဘူးဆိုတာအားလုံး အသိပါဘဲ။ နအဖ ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသာ အတည်ဖြစ်သွားရင် တရားစီရင်ရေး အခြေအနေဟာ အခု ထက်ပိုပြီး ဆိုးလာဖွယ်သာ ရှိတဲ့ အကြောင်းနဲ့ လူထုရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မယ့် လွှတ်လပ်တဲ့တရားစီရင်ရေး မဏ္ဍိုင်ကို အိပ်မက်မျှပင် မက်လို့ ရနိုင်မှာ မဟုတ်တဲ့ အကြောင်း တင်ပြလိုက်ပါတယ်။